ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အဖို့) တာဝန်တစ်ချို့ကို သတ်မှတ်ပြဋ္ဌာန်းထားတော်မူပါသည်။သို့ဖြစ်ရာ ထိုတာဝန်များကို မမေ့မလျော့ဘဲဆောင်ရွက်ပါ‌လေ။ ထို့အပြင်အရှင်မြတ်သည်

စည်း‌မျဥ်းတစ်ချို့ကို ချမှတ်ထားတော်မူပါသည်။

သို့ဖြစ်၍ ထိုစည်းမျဥ်းစည်း‌ဘောင်များကို

မချိုးဖောက်ကြနှင့်။ အလားတူပင်အရှင်မြတ်သည်

တစ်ချို့အရာများကို ဟရာမ်ဟု တားမြစ်ထားတော်မူပါသည်။သို့ဖြစ်၍ ထိုတားမြစ်ချက်များကို မချိုးဖောက်ကြနှင့်။ထို့ပြင် အရှင်မြတ်သည် တစ်ချို့အရာများနှင့်ပတ်သက်၍မေ့လျော့၍ မဟုတ်ဘဲ အသင်တို့အား

သနားကရုဏာထားသောအနေဖြင့် တိတ်တဆိတ်နေတော်မူခဲ့ပါသည်။သို့ဖြစ်ရာ အသင်တို့သည် ထိုအရာများနှင့် ပတ်သတ်၍စူးစမ်းရှာ‌ ဖွေခြင်း မပြုကြနှင့်။

အဗူစအ်လဗဟ် အလ်ခုရှနီ ဂျုရ်စူမ် ဗင်န် နာရှိရ် (ရဿွိယလ္လာဟု အန်ဟု)
ကဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်)
မိန့်ကြားတော်မူခဲ့သည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အဖို့)
တာဝန်တစ်ချို့ကို သတ်မှတ်ပြဋ္ဌာန်းထားတော်မူပါသည်။ သို့ဖြစ်ရာ ထိုတာဝန်များကိုမမေ့မလျော့ဘဲ ဆောင်ရွက်ပါ‌လေ။ ထို့အပြင်အရှင်မြတ်သည် စည်း‌မျဥ်းတစ်ချို့ကို
ချမှတ်ထားတော်မူပါသည်။ သို့ဖြစ်၍ ထိုစည်းမျဥ်းစည်း‌ဘောင်များကို
မချိုးဖောက်ကြနှင့်။ အလားတူပင်အရှင်မြတ်သည် တစ်ချို့အရာများကို ဟရာမ်ဟု
တားမြစ်ထားတော်မူပါသည်။ သို့ဖြစ်၍ ထိုတားမြစ်ချက်များကို မချိုးဖောက်ကြနှင့်။
ထို့ပြင် အရှင်မြတ်သည် တစ်ချို့အရာများနှင့်ပတ်သက်၍ မေ့လျော့၍ မဟုတ်ဘဲ
အသင်တို့အား သနားကရုဏာထားသောအနေဖြင့် တိတ်တဆိတ်နေတော်မူခဲ့ပါသည်။ သို့ဖြစ်ရာ
အသင်တို့သည် ထိုအရာများနှင့် ပတ်သတ်၍ စူးစမ်းရှာ‌ ဖွေခြင်း မပြုကြနှင့်။
[قال النووي: حديث حسن] [رواه الدارقطني في سننه وغيره]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) တင်ပြထားတော်မူသည်မှာ - အလ္လာဟ်အရှင်မြတ်သည်တာဝန်ဝတ္တရားများကို ပညတ်တော်မူပြီး ဖရဇ်တာဝန်တချို့ကိုသတ်မှတ်ပြဌာန်း‌တော်မူခဲ့၏။ သို့ဖြစ်ရာ ထိုတာဝန်များကို စွန့်လွှတ်ခြင်း သို့မဟုတ်ပေါ့လျော့ခြင်းမပြုဘဲ ကျေပွန်စွာ လိုက်နာဆောင်ရွက်ကြလော့။ အရှင်မြတ်သည် မိမိနှစ်သက်တော်မမူသည့်အရာများမှ အသင်တို့အား (ထိုအရာများကိုမကျူးလွန်မိစေရန်

)တားဆီးပိတ်ပင်တော်မူမည့် စည်းဘောင်များနှင့် တားမြစ်ချက်များကိုလည်းသတ်မှတ်ပြဋ္ဌာန်းထားတော်မူ၏။ သို့ဖြစ်ရာ သင်တို့သည် ထိုစည်းဘောင်ထက် လွန်ကျူး၍ရှရီအသ်တရားတော်က ခွင့်ပြုထားသည်ထက် ပိုမိုဆောင်ရွက်ခြင်း မပြုကြနှင့်။ထို့ပြင်အရှင်မြတ်သည် အချို့သောအရာများကို ဟရာမ်အဖြစ် ပညတ်တော်မူခဲ့၏။ သို့ဖြစ်ရာထိုဟရာမ်ကိစ္စရပ်များကို ကျူးလွန်ခြင်းနှင့်၊ ၎င်းဟရာမ်ကိစ္စရပ်များ၏ အနားသို့ချဉ်းကပ်ခြင်းမပြုကြလေနှင့်။ ထိုအချက်များမှလွဲ၍အခြားသောအရာများကိုမူအရှင်မြတ်သည်မိမိ၏ ဗန်ဒဟ်ကျေးကျွန်များအား သနားကရုဏာထား‌တော်မူသည့်အ‌နေဖြင့်ဆိတ်ဆိတ်နေတော်မူကာ ချန်လှပ်ထားတော်မူခဲ့၏။ သို့ဖြစ်ရာ ထိုကိစ္စရပ်များသည် ၎င်း၏မူလအမိန့်ဖြစ်သည့် မုဘာဟ် (ပြုလုပ်ပိုင်ခွင့်ရှိသည့်အမိန့်)အတိုင်း ကျန်ရှိနေ၏။သို့ဖြစ်၍ အသင်တို့သည် ထိုကိစ္စများနှင့်ပတ်သက်၍ စုံစမ်းရှာဖွေခြင်း မပြုကြနှင့်။

http://www.sunnah.global/hadeeth/my/show/66510